

Kids of Destiny
Reaching the Forgotten
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation

# အီဂျစ်ပြည်မှယောသပ်ဘ၀ - အပိုင်း ၂ 2.04

## ကမ္ဘာဦးကျမ်း ၄၁

ယောသပ်ဟာ မတရားစွတ်စွဲဖမ်းဆီးခြင်းမခံရမီအချိန်ထိ အီဂျစ်ပြည်မှာ ကောင်းစွာနေထိုင်ခဲ့ရတယ်။ ပေါတိဖာဇနီးက ယောသပ်နဲ့ ပတ်သက်ပြီး လိမ်ညာခဲ့တယ်။ ပေါတိဖာဟာ သူ့ဇနီးရဲ့စကားကိုယုံကြည်ခဲ့ပြီး၊ ယောသပ်ကို အချုပ်ထဲထည့် ထားခဲ့တယ်။ အချုပ်ထဲမှာ ရှိနေချိန် အခြားအချုပ်သားနှစ်ယောက်ဖြစ်တဲ့ ဖလားတော်ဝန်နဲ့စားတော်ဝန်တို့ရဲ့ အိပ်မက်အနက်ကိုပြန်ပေးခြင်းနဲ့ ကူညီပေးခွင့်ရခဲ့တယ်။ အိပ်မက်ရဲ့အဓိပ္ပါယ်ကိုမှန်ကန်စွာအနက်ပြန်နိုင်ဖို့ ယောသပ်ကို ဘုရားသခင်ကူညီခဲ့တယ်။ အဲလိုကူညီပေးခဲ့လို့ နောင်တချိန်မှာ သူ့ကိုသတိရ ကောင်းရလိမ့်မယ်။

နောက်နှစ်နှစ်လောက်ကြာတဲ့အခါ ဖာရောမင်းကြီးအိပ်မက်မက်ပါတယ်။ သူ့အိပ်မက်ကြောင့် သူစိတ်မသက်မသာ ဖြစ်တယ်။ အိပ်မက် အဓိပ္ပါယ်ကို သူ့ရဲ့မှော်ဆရာတွေနဲ့ပညာရှိတွေဆီမေးပေမယ့် တစ်ယောက်မှသူ့ကို မကူညီနိုင်ခဲ့ဘူး။

ဖလားတော်ဝန်ကြီးဟာ ဘုရင့်အမျက်တော်ပြေပြီး နန်းတော်ထဲပြန်ရောက်တဲ့အခါ ယောသပ်ကိုသတိရဖို့ပြောထားခဲ့ပေမယ့် ဖလားတော်ဝန် ဟာ သူ့ကိုမေ့ထားခဲ့တယ်။ သူ့ကိုနှစ်နှစ်လောက် မေ့ထားခဲ့တယ်။ ဒီအချိန်မှာတော့ သူ့ကိုပြန်သတိရလာတယ်။ “စိတ်မကောင်းပါဘူးမင်းကြီး၊ အရင်ကတည်းကပြောပြသင့်ခဲ့တဲ့အရာတစ်ခုရှိပါတယ်။ စားတော်ဝန်နဲ့ ကျွန်ုပ်ကိုအချုပ်ထဲမှာထားခဲ့စဉ်က အိပ်မက်အဓိပ္ပါယ်ကို ပြောပြနိုင်တဲ့ ဟေဗြဲကျွန်တစ်ယောက်နဲ့တွေ့ခဲ့ပါတယ်။ သူပြောတဲ့အတိုင်းလည်း အမှန်တကယ် ဖြစ်လာခဲ့တယ်” လို့ဖလားတော်ဝန်က ဖာရောကိုပြောပြ တယ်။ ဖာရောက ယောသပ်ကို ချက်ချင်းလွှတ်ခိုင်းတယ်။ ယောသပ်ရဲ့ဆံပင်တွေညှပ်ပေး၊ သန့်ရှင်းတဲ့အဝတ်စားတွေဝတ်ပေးပြီး ဖာရောရှေ့ကို အလျင်အမြန်သွင်းကြတယ်။

“ငါအိပ်မက်တစ်ခုမက်တယ်” လို့ဖာရောက ပြောတယ်။ “ဘယ်သူမှအဓိပ္ပါယ်ကို မပြောပြနိုင်ကြဘူး။ သင်ဟာ အိပ်မက်အကြောင်းကို နားထောင်ပြီး၊ အဓိပ္ပါယ်ကိုလည်း ပြောနိုင်တယ်လို့ ကြားတယ်” လို့ ယောသပ်ကိုဖာရောက ပြောတယ်။

“နိုင်းမြစ်ရဲ့ဘေးမှာ ငါရပ်နေချိန်မှာ ကျန်းမာဖွံ့ဖြိုးတဲ့နွားခုနှစ်ကောင်ဟာ မြစ်ထဲကတက်လာပြီး မြက်ကိုစားနေတယ်။ ပိန်ခြိုးရုပ်ဆိုးနေတဲ့ နွားခုနှစ်ကောင်ဟာ မြစ်ထဲကတက်လာပြီး၊ ကျန်းမာဖွံ့ဖြိုးတဲ့နွားခုနှစ်ကောင်ကို စားလိုက်တယ်။ ဒါပေမယ့် ပိန်ခြိုးနေတဲ့နွားတွေဟာ ဝဖြိုး မလာဘဲအရင်လို ပိန်ခြိုးနေဆဲဖြစ်နေတယ်။

“နောက်အိပ်မက်တစ်ခုက သန်စွမ်းဖွံ့ဖြိုးတဲ့စပါးနှံခုနှစ်ခု ရှိတယ်။ သူတို့ဟာစပါးတစ်ပင်ထဲမှာပေါက်ကြတယ်။ အဲဒီနောက် ပိန်ခြောက် နေတဲ့စပါးနှံခုနှစ်ခုထွက်လာပြီး၊ သန်စွမ်းဖွံ့ဖြိုးတဲ့စပါးနှံတွေကို ဝါးမြိုလိုက်တယ်။ မှော်ဆရာ၊ ပညာရှိတွေဆီ ဒီအကြောင်းအရာတွေကို ပြောပြပေမယ့် အဲဒီအိပ်မက်ရဲ့အဓိပ္ပါယ်ကို ဘယ်သူမှမပြောနိုင်ကြဘူး။

“ဒီအိပ်မက်နှစ်ခုလုံးက အကြောင်းအရာတစ်ခုတည်းကို ပြောနေတာဖြစ်တယ်။ ဘုရားသခင်က ဘာလုပ်မယ်ဆိုတာ အရှင်မင်းကြီးကို ပြောပြခြင်းဖြစ်ပါတယ်။ ကျန်းမာဖွံ့ဖြိုးတဲ့နွားခုနှစ်ကောင်နဲ့သန်စွမ်းဖွံ့ဖြိုးတဲ့စပါးနှံခုနှစ်ခုဟာ ခုနှစ်နှစ် ကိုပုံဆောင်တာဖြစ်ပြီး၊ အိပ်မက် နှစ်ခုလုံးမှာပါဝင်ပါတယ်။ ပိန်ခြိုးတဲ့နွားခုနှစ်ကောင်နဲ့ပိန်ခြောက်တဲ့စပါးနှံခုနှစ်ပင်တို့ ဟာလည်းခုနှစ်နှစ်ကိုပုံဆောင်ပါတယ်။ သူတို့လည်း အဓိပ္ပါယ်အတူတူဖြစ်ပါတယ်။

“သူဘာလုပ်မယ်ဆိုတာကို ဘုရားသခင်က အရှင်မင်းကြီးကိုပြောပြခြင်းဖြစ်ပါတယ်။ အစားအစာပေါကြွယ်ဝတဲ့ ခုနှစ်နှစ် ရှိမှာဖြစ်ပြီး၊ အစားအသောက် ပိုလျှံကြွယ်ဝပါလိမ့်မယ်။ လူတိုင်းစားသောက်ဖို့လုံလောက်ကြလိမ့်မယ်။ အဲဒီနောက်မှာ အစားအစာရှားပါးတဲ့ခုနှစ်နှစ် ဆက်ဖြစ်လာမယ်။ ဘယ်အသီးအနှံမှစိုက်ပျိုးလို့မရဖြစ်မယ်။ လူတိုင်းဆာလောင်မွတ်သိပ် ကြမယ်။ အဲဒီအရာအရေးကြီးတဲ့အတွက်ကြောင့် နားလည်နိုင်ဖို့အတွက် အိပ်မက်နှစ်ခုကို ဘုရားသခင်က မြင်မက်စေတာဖြစ်တယ်။”

တိုင်းပြည်ကိုစီမံခန့်ခွဲကြည့်ရှုပေးဖို့အတွက် အရည်အချင်းပြည့်ဝတဲ့သူတစ်ယောက်ကို ခန့်ထားဖို့အတွက် ယောသပ်က ဖာရောကို အကြံပေး ပါတယ်။ အဲဒီလူဟာ အစားအစာပေါကြွယ်ဝချိန်ခုနှစ်နှစ်အတွင်းမှာ အလေအလွင့်မရှိအောင် ရိက္ခာတွေသိုမှီးထားပြီး၊ ဘာမှစိုက်ပျိုးလို့မရတဲ့ အစာခေါင်းပါးတဲ့နောက်ခုနှစ်နှစ်အတွက် ပြင်ဆင်နိုင်စွမ်းရှိတဲ့သူ ဖြစ်ဖို့လို ပါတယ်။ အီဂျစ်တစ်နိုင်ငံလုံးကို ဦးစီးဆောင်ရွက်ဖို့ ဖာရောက ယောသပ်ကို ရွေးချယ်ခွဲခန့်လိုက်တယ်။

# အီဂျစ်ပြည်မှယောသပ်ဘဝ - အပိုင်း ၂ - ဆရာလမ်းညွှန် 2.04

Kids of Destiny®
Reaching the Next Generation

## အဓိကအချက်များ

၁) ဖလားတော်ဝန်နဲ့စားတော်ဝန်ရဲ့အိပ်မက်အဓိပ္ပါယ်ကို ယောသပ်ကပြောပြခဲ့တယ်။ ဖလားတော်ဝန်အနေနဲ့ ဖာရောမင်းဆီပြန်ရောက် သွားရင် သူ့မှာဘာအပြစ်မှမရှိဘူးလို့ ဖာရောမင်းကိုပြောပေးဖို့ ယောသပ်ကမှာခဲ့တယ်။

၂) ဖာရောမင်းဟာ သူနားမလည်တဲ့ အိပ်မက်တစ်ခုမက်တယ်၊ ပြီးတော့နောက်တစ်ခုထပ်မက်တယ်။ သူ့ရဲ့ပညာရှိတွေနဲ့ မှော်ဆရာတွေဟာ အဲဒီအိပ်မက်နှစ်ခုရဲ့အနက်အဓိပ္ပါယ်ကို နားမလည်ခဲ့ကြဘူး။

၃) ပထမအိပ်မက်က ကျန်းမာဖွံ့ဖြိုးတဲ့နွားခုနှစ်ကောင်နဲ့ပိန်ခြိုးတဲ့နွားခုနှစ်ကောင်ဖြစ်ပြီး၊ ပိန်ခြိုးတဲ့နွားတွေက ကျန်းမာဖွံ့ဖြိုးတဲ့နွားတွေကို စားလိုက်တယ်။

၄) ဒုတိယအိပ်မက်က သန်စွမ်းဖွံ့ဖြိုးတဲ့စပါးနှံခုနှစ်ခုနဲ့ပိန်ခြောက်တဲ့စပါးနှံခုနှစ်ခုဖြစ်ပြီး၊ ပိန်ခြောက်တဲ့စပါးနှံတွေက သန်စွမ်းတဲ့စပါးနှံတွေကို စားလိုက်တယ်။

၅) ဒီအိပ်မက်တွေက အကြောင်းအရာတစ်ခုတည်းကိုဆိုလိုခြင်းဖြစ်တယ်လို့ ယောသပ်ကပြောတယ်။ အစားအစာပေါကြွယ်တဲ့ခုနှစ်နှစ် ဖြစ်လာဖို့ရှိပြီး၊ အဲဒီနောက် အစာခေါင်းပါးတဲ့ခုနှစ်နှစ် ထပ်ဖြစ်လာမှာ ဖြစ်တယ်။

၆) တိုင်းပြည်အတွက် ဦးဆောင်စီမံကွပ်ကဲပေးနိုင်တဲ့သူတစ်ယောက်ကို ရွေးဖို့ ဖာရောမင်းကိုယောသပ်ကပြောတယ်။ အစာပေါကြွယ်တဲ့ ခုနှစ်နှစ်မှာ သိုလှောင်စုဆောင်းထားပြီး၊ အစာခေါင်းပါးမယ့်ခုနှစ်နှစ်အတွက် စားစရာရှိစေဖို့ လိုအပ်မယ်။ အဲဒီအလုပ်အတွက် ဖာရောမင်းက ယောသပ်ကိုရွေးချယ်ခဲ့တယ်။

## မေးခွန်းများ

၁) ဖလားတော်ဝန် အလုပ်ပြန်လုပ်ရချိန်မှာ သူ့ကိုယောသပ်က ဘာလုပ်ပေးစေချင်တာလဲ?

၂) ဖာရောမင်းဟာ သူ့အိပ်မက်ကိုအနက်ပြန်ဖို့ ဘယ်သူတွေကိုအရင်မေးမြန်းခဲ့သလဲ?

၃) ဖာရောမင်းရဲ့အိပ်မက်ကဘာလဲ?

၄) ယောသပ်က အိပ်မက်ရဲ့အဓိပ္ပါယ်ကို ဘယ်လိုပြောပြသလဲ?

၅) တိုင်းပြည်ကိုဦးစီးစီမံဖို့အတွက် ဖာရောမင်းဟာ ဘယ်သူကိုရွေးချယ်ခဲ့သလဲ?

## အဖြေများ

၁) ဖလားတော်ဝန် အလုပ်ပြန်ရတဲ့အခါ ယောသပ်ဟာအပြစ်မရှိကြောင်းဖာရောမင်းကိုပြောပေးပါလို့ သတိရဖို့မှာခဲ့ပါတယ်။

၂) ဖာရောမင်းဟာ သူ့အိပ်မက်အနက်ကိုပြန်ပေးဖို့ ပညာရှိတွေနဲ့မှော်ဆရာတွေကို အရင်မေးမြန်းခဲ့ပါတယ်။

၃) ဖာရောမင်းရဲ့အိပ်မက်ဟာ ကျန်းမာဖွံ့ဖြိုးတဲ့နွားခုနှစ်ကောင်နဲ့ပိန်ခြိုးတဲ့နွားခုနှစ်ကောင်၊ ပြီးတော့သန်စွမ်းဖွံ့ဖြိုးတဲ့စပါးနှံခုနှစ်ခုနဲ့ ပိန်ခြောက်တဲ့စပါးနှံခုနှစ်ခု ဖြစ်ပါတယ်။

၄) အစားအစာပေါကြွယ်တဲ့ခုနှစ်နှစ်ရှိလာမှာဖြစ်ပြီးနောက် အစာခေါင်းပါးခြင်းခုနှစ်နှစ်ဆက်ဖြစ်လာမယ်လို့ ယောသပ်ဟာ အိပ်မက်အနက်ကို ပြန်ပေးခဲ့ပါတယ်။

၅) တိုင်းပြည်ကို ဦးစီးစီမံဖို့အတွက် ဖာရောမင်းဟာ ယောသပ်ကို ရွေးချယ်ခဲ့ပါတယ်။

## ကမ္ဘာဦးကျမ်း ၄၁

ကျွန်ုပ်တို့ယုံကြည်ကိုးစားမှုကို ဘုရာဆီမှာထားမယ်ဆိုရင် ယောသပ်ကဲ့သို့ ကျွန်ုပ်တို့အနာဂတ်နဲ့ ဆိုင်တဲ့ဉာဏ်ပညာကို ဘုရားသခင် ပေးမှာဖြစ်ပါတယ်။




www.kidsofdestiny.org